# ဝမ်ကန်ကျေးရွာ

# မိုင်းလားမြို့နယ်

## ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဝမ်ကန်ကျေးရွာ၊ မိုင်းလားမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝမ်ကန်ကျေးရွာ သယံဇာတပြမြေပုံ၊မိုင်းလားမြို့နယ်** | ၅ |
| | | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၆ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၆ |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ |
| ၅ | **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆ | **ပညာရေး** | ၁၀ |
| ၇ | **ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၀ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉ | **ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| **နောက်ဆက်တွဲ** | | |
| | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈) ဇယား | ၁၂–၄၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဝမ်ကန်ကျေးရွာ

ဝမ်တာပင်းအုပ်စု

မိုင်းလားမြို့နယ်

## ဝမ်ကန်ကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဝမ်ကန်ကျေးရွာသည် ကျိုင်းတုံ-မိုင်းလားလမ်းပေါ်မှ သွားရာလမ်းတွင် တည်ရှိပြီး အုပ်ချုပ်ရေး ရုံး စိုက်ရာ ကျိုင်းတုံမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသ တွင် ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဖြစ်ကြ ပါသည်။

ကျေးရွာ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်သည် လက္မ (၈၀)မှ (၁၀၀) ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင် မြစ်ချောင်းများရှိပြီး မြေပြင်အနေ အထားမှာ တောင်ပေါ်ဒေသဖြစ်သည်။ လယ်၊ ခြံမြေများသည် စပါး၊ ပြောင်း၊ မြေပဲနှင့် ဟင်းသီး ဟင်းရွက် တို့ကို ရာသီအလိုက်စိုက်ပျိုးရန်အတွက်အဓိကအားထားရာဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လယ်နှင့်ခြံမြေ အသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်၍ မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်း ရေကိုသာ အသုံးပြုကြသည်။ စိုက်ပျိုးနိုင်သည့် ဧက (၉၇.၃၅) ဧက ရှိသည်။ စပါးကို အဓိက စိုက်ပျိုးပြီး မြေပဲ၊ ပြောင်းအနည်းငယ်နှင့် ဟင်းသီးဟင်းရွက်တို့ကို အိမ်စားရန်အတွက် အဓိက ထားစိုက်ပျိုးကြ သည်။ စပါးကို ရောင်းချခြင်းအနည်းငယ်သာရှိပြီး ဝမ်းစာအတွက်သိုလှောင် ထားကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၄)စုနှင့် ကျား(၁၀၂)၊ (၁၁၀)ဦး ရှိပြီး လူဦးရေပေါင်း(၂၁၂)ဦးရှိ ပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးနှင့် အတူတူပင်ဖြစ်သည်။ ကျေးရွာတွင် လားဟူလူမျိုးများအများဆုံး နေထိုင်ကြပြီး အာခါလူမျိုးများလည်း အနည်းငယ်ရှိသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေ စုစုပေါင်း၏ (၅၂.၈၃%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင် သော အရွယ်ရှိအမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ပိုများသည်။ ယခုအခါတွင် ကျေးလက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာ သူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးဆိုင်ရာ အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့တောင်သူ အိမ်ထောင်စုများ မရှိပါ။ ၁၂.၅ ဧက အထက် ပိုင်ဆိုင် သည့် တောင်သူကြီးများ (၆.၈%)နှင့် ၅ဧကမှ၁၂.၅ဧကကြားပိုင်ဆိုင်သည့် တောင်သူလတ် များ (၂၂.၇%)၊ တောင်သူငယ်(၂၇.၃%)နှင့် ဆင်းရဲသားတောင်သူ (၄၃.၂%) ရှိပါသည်။ စပါးစိုက် ရာသီ ကုန်ဆုံးလျှင် အချို့သောအိမ်ထောင်စုများသည် အခြားလုပ်ငန်းများတွင် နေ့စားကျပန်း အဖြစ်လုပ်ကိုင်ကြသည်။

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြပြီး ပြောင်း၊ မြေပဲနှင့် ဟင်းသီးဟင်းရွက် အနည်းငယ်ကို အိမ်စားရန်အတွက် ရာသီအလိုက် စိုက်ပျိုးကြသည်။ စပါးစိုက်ဧက (၅၂)ဧက ရှိပါသည်။ သီးထပ်နှင့်နွေစပါး စိုက်ပျိုးခြင်းမရှိပါ။ စပါးပျှမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှအိတ်(၈၀-၁၂၀)၊ မြေပဲ ပျှမ်းမျှပုံး (၃၀-၈၀)၊ ပြောင်းဖူး ပျှမ်းမျှပုံး (၁၀-၂၅) ပုံးခန့် ထွက်ရှိ သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုနှင့် ချေးငွေများမရရှိပါ။ စိုက်ပျိုးရေး ကုမ္ပဏီများ မရှိသည့်အတွက် ဝန်ဆောင်မှု များ မရရှိနိုင်ပါ။ တောင်သူများသည် လယ်ယာများတွင် အလုပ်သမား ငှာရမ်းလုပ်ကိုင်ခြင်း အနည်းငယ် သာ ရှိပြီး ကိုယ်တိုင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အလုပ်သမားငှားရမ်း မရမှုများမရှိပါ။ စပါးစိုက်ခင်းများတွင် ရံဖန်ရံခါတွင် ငှက်၊ကြွက်၊ ခရုဖျက်ပိုး များ ကျရောက်တတ်ပြီး နည်းပညာ အားနည်းသဖြင့် စနစ်တကျ သုံးစွဲမှု အားနည်းသဖြင့် ထိရောက် သော ဖျက်ပိုးနှိမ်နှင်း ရေးနည်းစနစ်နှင့် စိုက်ပျိုးရေးနှင့် ပတ်သတ်သည့် နည်းပညာပေး သင်တန်း များ၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဈေးကွက်ဆိုင်ရာ အသိပညာ တိုးတက်လာစေရန် ပြုလုပ်ပေး ခြင်း၊ ဈေးကွက် ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်း စသည်တို့ လိုအပ်နေပါသည်။

ဝမ်ကန်ကျေးရွာတွင် သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေး အတွက် အဆင်ပြေခြင်းမိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးလုပ်ကိုင် ကြသည်။ ကျေးရွာရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၁၆)စီး၊ ခြွေလှေ့စက် (၅)စီး နှင့် မြက်ရိတ်စက်(၂)စီးရှိပြီး လယ်ယာလုပ်ကိုင်သူများသည် ကိုယ်ပိုင် စက်ကရိယာများဖြင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းကြသလို ငှားရမ်း၍လည်း လုပ်ကိုင်ကြပါသည်။ သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေဩဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ရွာတွင်လာရောက် ဝယ်ယူခြင်းများရှိပါသည်။ စိုက်ပျိုးရေးချေးငွေများ ကိုလည်း မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင်သော်လည်း မြို့နှင့်အလှမ်း ဝေးသဖြင့် ချိတ်ဆက် နိုင်မှု အားနည်းသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ပိုးမွှားရောဂါကျရောက်မှု အများဆုံး ဖြစ်ပေါ်ပါသည်။မြို့ပေါ်သို့သွားသည့်လမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း သီးနှံမျိုးစေ့ ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ အလွယ်တကူမရရှိနိုင်ပေ။ သီးနှံထွက်ကုန် များကို ဈေးနှုန်းမှန်ကန် စွာဖြင့် အလွယ် တကူ ရောင်းချနိုင်မှုနည်းပါးသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိ ပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၁၃)စု၊ နွားကောင်ရေ (၃၀)ကောင်၊ ကျွဲမွေးမြူသည့် အိမ်ထောင်စု(၃၄)စု၊ ကျွဲကောင်ရေ(၉၈)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၃၀)စု၊ ကောင်ရေ (၅၈)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၂၁)စု၊ ကောင်ရေ (၁၄၇) ကောင်ရှိပြီး တပိုင်တနိုင် မွေးမြူသည့်အိမ်ထောင်စုများ ဖြစ်ကြသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေအလုံအလောက်နှင့် စားကျက်မြေ ရရှိနိုင်ပါသည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုကို မိုင်းလားမြို့နယ် မွေးကုဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာတွင် အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရှိနိုင်ကြပါ။ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများ ရှိသည့်အတွက် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

## (ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များနှင့် ဈေးရောင်းခြင်း အနည်းငယ်သာရှိသည်။ အခြားလုပ်ငန်းများမှ ရာသီအလိုက် ဝင်ငွေ ရရှိမှုမှာ အနည်းငယ်မှ အတော်အသင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားပြီး ကျန်အချိန်များတွင် ကျပန်းလုပ်ကိုင်ကြပြီး အလုပ်အကိုင်ရှားပါးမှုနှင့် ဝင်ငွေရရှိမှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသော်လည်း တခြားအလုပ်အကိုင်အခွင့်အလမ်း များမရှိပါ။ မိုင်းလားမြို့နယ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းများကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ ဝပ်ရှော့ စသည့်လုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်သော်လည်း ရွာသားအများအနေဖြင့် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဝမ်ကန်ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုများ မရရှိပါ။ တစ်ချို့တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်းမရှိသည်များနှင့် မြို့နှင့်အလှမ်းကွာဝေးသောကြောင့်လည်း ဖြစ်ပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့် သူများကိုသာ ထုတ်ချေးပေးပါသည်။ တခြား ဘဏ်နှင့်ဝန်ဆောင်မှုများ မရှိပါ။

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ် လျက်ရှိပါသည်။ ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စုများသည် မိတ်ဆွေ၊ မိသားစုများထံမှ နားလည်မှုဖြင့် ချေးယူကြပြီး တစ်ချို့မှာ သူတစ်ပါးဆီမှ ချေးယူခြင်းမရှိဘဲ နေထိုင်စားသောက်ကြသည်။ ကျေးရွာ တွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိပါ။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆိုင်ကယ်ကို ကျောင်းသား/သူများ သွားလာရေးအတွက်အသုံးပြုပြီး ကျိုင်းတုံမြို့သို့ သုံးဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားလာကြသည်။ လမ်းပန်းဆက်သွယ် ရေးအတွက် စက်ဘီး(၅)စီး၊ မော်တော်ဆိုင်ကယ် (၄၈)စီး၊ သုံးဘီး(၇)စီးကို အသုံးပြုလျက်ရှိသည်။

ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်လိုကြပါသည်။ ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်းများ ဖြစ်သည့်အတွက် လမ်းပျက်စီးမှုများ ဖြစ်နေပါသည်။ လမ်းမကောင်းသော်လည်း တစ်နှစ်ပတ်လုံး အသုံးပြုလျက်ရှိသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပါ။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသော်လည်း ဆိုလာမီးလင်းရေးစနစ်ဖြင့် အသုံးလျက်ရှိသည်။ ကျောင်းသား/သူများ၏ ပညာရေး တိုးတက်လာစေမှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက် လာစေမှုတို့အတွက် အထောက်အပံ့ဖြစ်စေရန် လျှပ်စစ်မီးရရှိရန်လိုအပ်လျက်ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှု လုပ်ငန်းများအတွင် အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုရှိပြီး စာကြည့်တိုက်မရှိပါ။ သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုသူ လွန်စွာနည်းပါးပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့်သာ ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေး အတွက် MPT, CDMA, Ooredoo, Telenor ဖုန်းလိုင်းများကို အသုံးပြုကြသည်။ ကျေးရွာတွင် ဖုန်း(၃၇)လုံး၊ တီဗီ (၂၁)လုံး၊ စလောင်း(၁၀)လုံးနှင့် ရေဒီယို(၁၁)လုံးရှိသည်။

## ၆။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေ များပြားသည်။ မူလတန်း ပညာပြီးမြောက်မှုမှာ စုစုပေါင်း လူဦးရေ၏(၆၅)ဦး၊ အလယ်တန်းပညာပြီးမြောက်သူဦးရေမှာ စုစုပေါင်း လူဦးရေ၏ (၃)ဦးနှင့် အထက်တန်း ပညာပြီးမြောက်သူ(၁)ဦးနှင့် တက္ကသိုလ်ပညာပြီးမြောက်သူ(၁)ဦး ရှိသည်။ ကျေးရွာသူ/သားများသည် အသိပညာအားနည်းကြသောကြောင့် ကလေးများစာတတ်မြောက်ရေးကို အလေးမထားကြပါ။

ကျေးရွာအတွင်းတွင် ပေ (၄၀-၂၀-၁၀) ရှိစာသင်ကျောင်းရှိပြီး အထက်တန်းပညာရေးကို ရွာနှင့် (၂၄) မိုင်ခန့်ဝေးသော ကျိုင်းတုံမြို့ရှိ အ.ထ.ကကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ စာသင်ကျောင်းကို သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ကျောင်းဆောင်တွင် တက်ရောက်သင်ကြား နိုင်ပြီး အစိုးရခန့် ဆရာ (၁) ဦး၊ ဆရာမ(၂)ဦး ရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသုံးပရိဘောဂနှင့် ယင်လုံအိမ်သာ လုံလောက်မှုရှိသည်။ မူလတန်းအောင် ရာခိုင်နှုန်းမှာ အသင့်အတင့်ရှိသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဝမ်ကန်ကျေးရွာသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၅)မိုင်ကွာဝေးသော ကျေးလက် ဆေးပေးခန်းသို့ သွားရောက်ရပြီး ကျိုင်းတုံပြည်သူ့ဆေးရုံသို့လဲ တက်ရောက်ကုသကြသည်။ ကျန်းမာရေးနှင့် ပတ်သတ်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်လျက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် အဝီစိတွင်း(၁)တွင်းကို တစ်ရွာလုံး အသုံးပြုလျက်ရှိပြီး စိမ့်စမ်းရေကိုလည်း အိမ်ထောင်စု အားလုံးအသုံးပြုလျက်ရှိကြသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန် လိုအပ်လျက်ရှိပါသည်။

အိမ်ထောင်စု (၁၅) စုသာ ယင်လုံအိမ်သာ သုံးစွဲလျက်ရပြီး (၂)အိမ်ထောင်စုမှာ ကျင်းအိမ်သာ၊ (၁၂)စုမှာ မြေပေါ်အိမ်သာနှင့် (၁၅) စုမှာ တောထိုင်စနစ်ကိုသာ အသုံးပြုလျက်ရှိသောကြောင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ ရှိပါသည်။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာ စနစ်တကျဆောက်လုပ်ထားသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် တစ်ခါတစ်ရံအအေးလွန်ကဲခြင်းမှလွဲ၍ တခြားသဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

ဝမ်ကန်ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ အမှိုက်ကျင်းအဖြစ် သီးသန့်ထားရှိခြင်းမရှိကြသောကြောင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက် ရှိပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများ ၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးအရေအတွက်သည် အမျိုးသား လူဦးရေထက် လျော့နည်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးသည် သာမန် အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း အဆင့်၌ မအရေအတွက်မှာ ကျားအရေအတွက်ထက် နည်းနေပါသည်။ အမျိုးသမီးများအတွက်

ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်အားနည်းသည်။ ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါ သည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်း | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၃၀ | ၁ | |
| ၂ | ဖွံ့ဖြိုးရေး | စိမ့်စမ်းရေသွယ်ယူခြင်း | ၂၅ | ၂ | |
| ၃ | အခြေခံအဆောက်အဦ | ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း | ၂၀ | ၃ | |

## ၁၁။ အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းကာလအား ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားအား အောက်ပါဇယားနှင့် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | |
| ၂ | စိမ့်စမ်းရေသွယ်ယူခြင်း | ၂ | | √ | |
| ၃ | ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း | ၃ | | | √ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၆ | ၁၁ | ၅.၁၉ |
| ၁ နှစ်မှ ၅နှစ် | ၅နှစ်အောက်ကလေးငယ် | ၉ | ၁၀ | ၁၉ | ၈.၉၆ |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၁၃ | ၂၅ | ၁၁.၇၉ |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၁၆ | ၁၇ | ၃၃ | ၁၅.၅၇ |
| ၁၅ နှစ်မှ ၆၀ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၅ | ၅၇ | ၁၁၂ | ၅၂.၈၃ |
| ၆၀ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၅ | ၇ | ၁၂ | ၅.၇ |
| **စုစုပေါင်း လူဦးရေ – ၂၁၂** | | **၁၀၂** | **၁၁၀** | **၂၁၂** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၄၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၃.၄%** | | | |

**ရင်းမြစ်။ ။(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ကြပြီး ဗမာလူမျိုးများလည်း ပေါင်းစပ်နေထိုင်ကြသည်။**

**(၁.၂) လုပ်သားအင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | တွဲဖက် | မှတ်ချက် |
|---|---|---|---|---|

| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | လုပ်ကိုင်လူဦးရေ | |
|---|---|---|---|---|---|---|
| ၁ | *စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၃၄.၀၉% | ၈၀ | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား | | | | | |
| ၂ | *တိရစ္ဆာန်မွေးမြူရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၈ | ၁၈.၂၀% | ၅၁ | | တစ်နိုင်တစ်ပိုင် |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | | |
| | • မိသားစုဝင်လုပ်အား | ၀ | ၀ | ၀ | | |
| ၃ | *ငါးဖမ်းလုပ်ငန်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၃ | |
| | • လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | ၀ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၁ | |
| ၇ | *ဆောက်လုပ်ရေးလုပ်ငန်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၈ | ၄၀.၉၁% | ၄၃ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃ | ၆.၈% | ၃၈ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၁ | |
| ၁၆ | ***ပညာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | | |
| ၁၇ | ***ကျန်းမာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| **၁၉** | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၄၄ | ၁၀၀% | ၂၁၂ | | |

**ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ မရှိပါ**

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း- ရေချို/ငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သစ်တောထွက်ပစ္စည်းစုဆောင်းရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၇၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၄၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၁၀၀၀ | ၅၅၀၀ | ၈၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | - | - | - | - | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | သင်တန်းပေးသူ စသည်) | | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | - | - | - | - | - | |

ရင်းမြစ်။ ။ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ ----------------------------------**

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေးပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၇.၁၂ | သင့် | မရ | (ချောင်းရေ) |
| ယာမြေ/ တောင်ယာ | ၄၀.၂၃ | သင့် | မရ | စိမ့်စမ်းရေ |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံ စိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| စုစုပေါင်း | ၉၇.၃၅ | - | - | - |

ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။**

**လေ့လာတွေ့ရှိချက်။ ။**

## (၁.၃.၂) ခေတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခေတ်ငွေ့/ရေနံ) | မရှိ | - |
| အခြား ရင်းမြစ်များ | - | - |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

**ရင်းမြစ်။ ။ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ မရှိပါ။**

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသေ ာ အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃ | ၂ | ၁ | ၀.၅ |
| အိမ်အခြေအနေ | အုတ်ကြွတ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း | အုတ်ကြွတ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း | သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း | သက်ကယ်မိုး၊ ဝါးကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် | - | - | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | လယ်၊ | လယ် | လယ် | လယ် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အခြားပိုင်ဆိုင်မှု | - | | | |
| စုစုပေါင်း ၄၄ | ၉ (၂၀.၄၅%) | ၁၅ (၃၄.၀၉ %) | ၁၀ (၂၂.၇၃%) | ၁၀ (၂၂.၇၃%) |

ရင်းမြစ်။ ။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်ကန်ကျေးရွာ၏ ဥစ္စာဓနပိုင်ဆိုင်မှုမှာ အလယ်အလတ်ရှိသော အိမ်ထောင်စု ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် '၃'နှင့် '၄' အိမ်ထောင်စုပေါင်း၏၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | - | - | - |
| ၃ လမှ ၆ လ | - | - | - |
| ၆ လမှ ၁၂ လ | - | - | - |

ရင်းမြစ်။ ။ ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | ၁ | - | ၁ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |

| | |
|---|---|
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ၆ |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသားမုဆိုးဖိုဦးဆောင်သော အိမ်ထောင်စု | ၃ |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | - |

ရင်းမြစ်။ ။ ဦးတည်းအုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

### (၁.၅.၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | နိမ့် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှေင် | - | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၈ | မီးဘေး | - | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၉ | ဆားငံရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | |
| ၁၅ | ပြည်းတွင်းပဋိပက္ခ | မရှိ | |

| | | | |
|---|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | - | - |

ရင်းမြစ်။ ။ဦးတည်းအုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သစ်ပင်များခုတ်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာပြီး မြေဆီလွှာနှင့် သစ်တောပြုန်းတီးလာပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | နိမ့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မရှိ | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူများ | မရှိ | |
| ၅ | မြစ်ကမ်းဘေးနေလူထုများ | မရှိ | |
| ၆ | မတော်မဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | မရှိ။ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ။ | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်း သူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | | |

ရင်းမြစ်။ ။ဦးတည်းအုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ယဉ်ကျေးမှုအဖွဲ့ | ၃ | ၂ | ၅ | ၇ | - | ၄ | ၇ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၂ | - | - | - | - | - | - | - | - | - |
| ၃ | - | - | - | - | - | - | - | - | - |
| ၄ | - | - | - | - | - | - | - | - | - |

**ရင်းမြစ်။ ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) **ကျေးရွာလူထုကိုယ်တိုင်**

(၅) **ပြင်ပအဖွဲ့အစည်း**

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) **ကောင်း- လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

(၇) **သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂)ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

(၈) **ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ မရှိပါ။**

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ
